အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

Women's League of Burma

# မြန်မာပြည်အရေးကို ကုလသမဂ္ဂမှ ထိရောက်စွာ အရေးယူရန် အချိန်ကျရောက်

## ကမ္ဘာတဝှမ်းရှိ အမျိုးသမီးအဖွဲ့များက ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နိုင်ငံတကာ ရာဇဝတ်တရားရုံးတွင် စွဲချက်တင်ရန် တောင်းဆို

ဩဂုတ် ၇ရက်၊ ၂၀၀၉။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် အခြား အမျိုးသမီးအဖွဲ့အစည်း ၆၄ ဖွဲ့နှင့်အတူ ပူးတွဲကာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များထံသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ ခုံရုံးတွင် တရားစွဲဆိုရန် စာရေးသားတောင်းဆိုလိုက်သည်။

ယင်းစာတွင်–

*ယခင် လူ့အခွင့်အရေးချိုးဖောက်မှုများကို တိကျစွာ အချက်အလက်ရယူထားသော အစီရင်ခံစာများ၊ စနစ်တကျနှင့် ဆက်လက်ကျူးလွန်နေသော ဖိနှိပ်မှုများနှင့် ကြံ့ခိုင်မှုမရှိသော တရားရေးစနစ်တို့သည် နိုင်ငံတကာမှ ထိရောက်စွာ ကြားဝင်ဆောင်ရွက်ရန်အတွက် လိုအပ်နေသည့် ခိုင်မာသော သက်သေများ ဖြစ်ပေသည်။ မိမိတို့အနေဖြင့် စစ်အစိုးရမှ ကျူးလွန်နေသော ဆိုးရွားလှသည့် အကြမ်းဖက်မှုများနှင့် နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်၍ နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထိန်းသိမ်းထားသော အမှုအပါအဝင် အားလုံးသော ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ၎င်း၏ အပေါင်းပါများကို နိုင်ငံတကာ ရာဇဝတ်တရားရုံးရှေ့မှောက်သို့ ပို့ဆောင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ဖွဲ့စည်းပြီး လုပ်ငန်းစတင်ရန် တောင်းဆိုပါသည်။*

မြန်မာနိုင်ငံတွင် စစ်တပ်က အမျိုးသမီးများအပေါ် ကျူးလွန်နေသော ရာဇဝတ်မှုများသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ ၏ တရားရေးဆိုင်ရာ အရေးယူပိုင်ခွင့် ဘောင်အတွင်း ကျရောက်နေကြောင်းကို ယခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သော ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ ဆိုင်ရာ သမိုင်းဝင် အစီရင်ခံစာက ထင်ရှားစေသည်။ ထိုအရေးယူပိုင်ခွင့်ထဲတွင် ရာဇဝတ်မှုများအပေါ် တာဝန်ခံပိုင်ခွင့်၊ စစ်တပ်မှ တာဝန်ရှိသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို တားမြစ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးတွင် တရားစွဲဆိုရန် လွှဲပြောင်းပေးခြင်းတို့ ပါဝင်သည်။

မြန်မာပြည်အရေးကို တင်ပြထားသော အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ စာမျက်နှာ ၇ တွင်

*မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပျက်နေသည့် စိုးရိမ်ဖွယ်အခြေအနေမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ လူနည်းစု မူဆလင်များအပေါ် ခွဲခြားဆက်ဆံနေမှုများနှင့် ၎င်းတို့အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသာမက လက်နက်ကိုင်တပ်ဖွဲ့များက ဝေးလံသည့်ဒေသမှ ရှမ်း၊ မွန်၊ ကရင်၊ ပလောင်နှင့် ချင်းတိုင်းရင်းသူများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မြင့်တက်လာနေခြင်းနှင့် ကျူးလွန်သူများကို ထိရောက်စွာ အရေးယူမှု မရှိခြင်းတို့ဖြစ်ကြောင်း ဖော်ပြပါသည်။*

စာမျက်နှာ ၉တွင်

*မြန်မာနိုင်ငံတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် လယ်ယာတွင် အလုပ်လုပ်ကိုင်ရန်နှင့် စစ်တပ်စစ်ဆေးရေးဂိတ်များတွင် လိင်ပိုင်းဆိုင်ရာ စော်ကားနှောက်ယှက်မှုများ မကြာခဏဖြစ်ပေါ်တတ်သဖြင့် အဖော်မပါဘဲ ခရီးသွားရန် ကြောက်ရွံ့နေကြသည်။*

စာမျက်နှာ ၁၀တွင်

*ထို့အပြင် အာဖဂန်နစ္စတန်၊ အိုင်ဗရီကို(စ်)၊ ဒီမိုကရက်တစ် ပြည်သူ့ သမ္မတ ကွန်ဂို၊ အီရတ်၊ ကိုဆိုဗို၊ လိုင်ဘီးရီးယား၊ မြန်မာနိုင်ငံ၊ နီပေါ၊ ဆီရာ လီယွန်၊ ဆူတန် နှင့် အရှေ့တီမောနိုင်ငံများ၏ တရားမျှတမှုအတွက် တရားစီရင်ရေးများ အားနည်းခဲ့ရခြင်းများမှာ စွမ်းရည် လုံလောက်မှုမရှိခြင်းကြောင့် ဖြစ်သည့်အပြင် တရားစီရင်ရေးဌာန၏ အချို့ဝန်ထမ်းများမှာလည်း အစီရင်ခံလာသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို လေးလေးနက်နက် ထည့်သွင်းစဉ်းစားခြင်း မရှိခြင်းကြောင့်များလည်း ပါဝင်သည်။*

စာမျက်နှာ ၁၂တွင်

*မြန်မာနိုင်ငံတွင် စစ်တပ် စစ်မှုထမ်း အရာရှိများ ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပြင် အမှုဖြစ်ပျက်ခဲ့သည့် နေ့ရက်၊ တပ်ရင်းနံပါတ်များ အတိအကျကို သတင်းအချက်အလက်စုဆောင်းမှုများနှင့် ဖော်ပြမှုများပြုလုပ်ခဲ့သော်လည်း ကျူးလွန်သူများအား ရာဇဝတ်မှုကျူးလွန်သည့်အလိုက် အရေးယူမှုများမရှိပါ။*

P.O Box. 413 G P O Chiang Mai 50000 Thailand wlb@womenofburma.org www.womenofburma.org

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ က ပြစ်မှုကျူးလွန်သူများအား အရေးမယူဘဲထားခြင်းကို အဆုံးသတ်ရန်နှင့် ပဋိပက္ခဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက်တွင် အရပ်သားများအား ကာကွယ်ပေးရန် အရေးတကြီးလိုအပ်နေကြောင်း အခိုင်အမာ ဖော်ပြထားသည်။ စစ်ပွဲကာလတွင် ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အရေးမယူဘဲ ထားရှိခြင်းသည် နောင်တွင်လည်း အရေးယူမှုမရှိဘဲ ဆက်လက်တည်မြဲနေစေခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် လုံခြုံရေးကောင်စီကို ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ ပါ အချက်များကို ကိုင်စွဲ၍ အရေးယူဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံမှ တိုင်းရင်းသူအမျိုးသမီးများအပေါ် စနစ်တကျနှင့် ကျူးလွန်နေသော အဓမ္မပြုကျင့်မှုများနှင့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများကို ရပ်တန့်စေရန် တောင်းဆိုသည်။

ကုလသမဂ္ဂအတွင်းရေးမှူးထံ စာပေးပို့ချိန်သည် ကုလသမဂ္ဂအတွင်းရေးမှူး၏ အစီရင်ခံစာနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အလွတ်ဆွေးနွေးမည့် အချိန်နှင့် တိုက်ဆိုင်နေကာ မြန်မာပြည်မှ အမျိုးသမီးများအရေးကို အလေးထားဆွေးနွေးမှုသည် အရေးယူဆောင်ရွက်မှုများကို လျင်မြန်စွာ ဖြစ်ပေါ်လာစေမည်ဖြစ်ပြီး ၎င်းတို့အတွက် တရားမျှတမှုကို နိုင်ငံတကာ ရာဇဝတ်မှု တရားရုံးမှသာ ပေးအပ်နိုင်မည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်**
သင်းသင်းအောင် + ၉၁ ၉၈၉ ၁၂၅၂ ၃၁၆
လွေးအေးနန်း + ၆၆ ၈၉ ၄၃၄ ၂၈၄၁